Kids of Destiny®
Reaching the Next Generation



www.kidsofdestiny.org

Kids of Destiny®
Reaching the Next Generation
www.kidsofdestiny.com

# မျိုးစေ့ကြဲသောလယ်သမား 3.03

## လုကာ ၈:၄-၁၅

တနေ့ ယေရှုဆုံးမသြဝါဒပေးတဲ့အချိန်မှာ လူအများကြီးစုဝေးရောက်ရှိတရားနာကြတယ်။ သူတို့တွေ ကောင်းစွာနေထိုင်ကြဖို့အတွက် ယေရှုက သူတို့ကိုပုံဥပမာနဲ့သွန်သင်တယ်။ ပုံဥပမာနားထောင်ခြင်းအားဖြင့် သူပြောချင်တဲ့အကြောင်းအရာကို လူတွေက ပိုပြီး ရှင်းလင်းစွာ နားလည်ကြတယ်။

အဲဒီနေ့မှာ ယေရှုဟာ မျိုးစေ့ကြဲတဲ့လယ်သမားတစ်ယောက်အကြောင်းကို ပြောပြတယ်။ လယ်သမားကြီးဟာ မျိုးစေ့တွေကို လက်ထဲ မှာဆုပ်ကိုင်ပြီး၊ သူစိုက်ပျိုးကြဲပက်ရမယ့်နေရာတွေမှာ ဖြန့်ကြဲလိုက်တယ်။ သူ့မိသားစုအတွက် အကောင်းဆုံးသီးနှံတွေ ပေါက်လာမယ် လို့ သူမျှော်လင့်ထားတယ်။ မျိုးစေ့တွေဟာ လယ်သမားပိုင်တဲ့မြေထဲက မတူညီတဲ့မြေပေါ်မှာ ပြန့်ကျဲကျကုန်ပါတယ်။

အချို့မျိုးစေ့တွေဟာ လမ်းပေါ်မှာကျတယ်။ အဲဒီမျိုးစေ့တွေဟာ တိရစ္ဆာန်တွေအားဖြင့်ပျက်စီးသွားကြသလို လူတွေတက်နင်းမိလို့ ပျက်စီးကုန်ပါတယ်။ ငှက်တွေဟာ အစာရှာရင်းမျိုးစေ့တွေကို တွေ့လို့စားလိုက်တယ်။ ငှက်တွေအတွက် စားကောင်းတဲ့အစာဖြစ်တယ်။ အဲဒါကြောင့်အဲဒီမျိုးစေ့တွေဟာ အပင်ပေါက်နိုင်ကြမှာ မဟုတ်တော့ပါဘူး။

အချို့မျိုးစေ့တွေဟာ ကျောက်ခဲလေးတွေကြားမှာကျပြီး၊ မာကျောတဲ့မြေဖြစ်တယ်။ မျိုးစေ့ဟာ စတင်အပင်ပေါက်ပေမယ့်၊ မြေအောက်မှာ မြေဆီအများကြီးမရှိဘူး။ အမြစ်ကြီးထွားဖို့အတွက် နေရာမရှိတဲအတွက် မျိုးစေ့ဟာဆက်မကြီးတော့ဘဲ ကြီးထွားမှုရပ်တန့်သွားပါတယ်။ မာကျောတဲ့မြေက နေရာယူသွားပါတယ်။

အခြားစေ့တွေဟာလည်း ဆူးပင်ပေါတဲ့နေရာမှာကျတယ်။ ဆူးပင်တွေဟာလည်း အရမ်းသန်မာကြတယ်။ မျိုးစေ့ဟာ ကြီးထွားဖို့ ကြိုးစားပေမယ့် ပတ်ဝန်းကျင်ကဆူးတွေက သူ့ကိုဝိုင်းချုပ်နှောင်ထားသလိုဖြစ်နေတယ်။

နောက်ဆုံး ကောင်းတဲ့မြေမှာလည်း မျိုးစေ့တွေကျတယ်။ အဲဒီမျိုးစေ့ကတော့ ကျန်းမာပြီးသန်စွမ်းကြီးထွားတယ်။ သူ့ကိုတော့ ကောင်းစွာရိတ်သိမ်းရတယ်။

အဲဒီအကြောင်းအရာကို ပြန်ရှင်းပြပေးဖို့ တပည့်တော်တွေက ယေရှုကို ပြောတယ်။ “ဒီပုံဥပမာဟာ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်အကြောင်းဖြစ်တယ်။ လမ်းပေါ်မှာကျတဲ့မျိုးစေ့ဟာ ဘုရားသခင်ရဲ့တရားစကားကိုကြားတဲ့သူတွေဟာ သူတို့ကြားပြီးမကြာခင်ဘဲ သူတို့ဆီက ခိုးယူခြင်းခံလိုက်ရတယ်။ မာရ်နတ်ဟာ ကောင်းတဲ့အရာတွေအားလုံးကို ခိုးယူသွားတယ်။ လူတွေက ဘုရားကိုနာမခံစေလိုဘူး။ လူတွေရဲ့နှလုံးသားထဲကနေ ဘုရားရဲ့တရားစကားကိုခိုးယူခြင်းအားဖြင့် သူတို့တွေမယုံကြည်ဘဲ ကယ်တင်ခြင်းလည်း မရကြဖို့ဖြစ်တယ်။”

“ကျောက်ပေါတဲ့အရပ်မှာကျတဲ့မျိုးစေ့ဟာ လူတွေဟာဘုရားရဲ့တရားစကားကိုစိတ်လှုပ်ရှားစွာနားထောင်ကြပေမယ့်၊ ခဏကြာတဲ့အခါ စိတ်မဝင်စားတော့ဘူး။ ပြဿနာတွေနဲ့ကြုံလာတဲ့အခါ၊ သူတို့နားထောင်ခဲ့တဲ့ ဘုရားရဲ့တရားစကားအားလုံးကို မေ့လျော့ကုန်ကြတယ်။”

“ဆူးပင်ပေါတဲ့နေရာမှာမျိုးစေ့ကျတယ်။ လူတွေဟာ ဘုရားရဲ့တရားစကားကိုကြားကြပေမယ့်၊ နေ့စဉ်ကြုံရတဲ့အလုပ်တွေ၊ ပျော်ရွှင်စရာတွေက သူတို့ရဲ့အတွေးအခေါ်တွေကို စိုးမိုးသွားကြတယ်။”

“ကောင်းသောမြေမှာကျတဲ့မျိုးစေ့ဟာ လူတွေဟာဘုရားရဲ့တရားစကားကိုကြားပြီး၊ သူတို့ကြီးထွားဖို့အတွက် ဘုရားစကားပြောတဲ့အတိုင်းဆုံးဖြတ်ချက်ချပြီး လုပ်ဆောင်ကြတယ်။ ဘုရားကိုချစ်ပြီး အစေခံတဲ့သူတွေဟာ ကောင်းတဲ့အရာကို ရိတ်ကြရမယ့်သူတွေဖြစ်ပါတယ်။

ကျွန်ုပ်တို့ဟာလည်း ဘုရားသခင်ရဲ့တရားစကားကိုကြားတဲ့အခါ သေချာစွာနားထောင်ကြဖို့ဖြစ်ပါတယ်။ ကြားရတဲ့တရားစကားကို သေချာနားထောင်ပြီးသင်ယူကြဖို့နဲ့ ဘုရားသခင်ပြုစေလိုတဲ့အတိုင်း လုပ်ဆောင်ကြဖို့ဖြစ်ပါတယ်။ ကျွန်ုပ်တို့ဟာ ကောင်းသောမြေမှာ စိုက်ပျိုးတဲ့မျိုးစေ့ကဲ့သို့ ဖြစ်ရမှာဖြစ်တယ်။ ဘုရားသခင်ရဲ့ကောင်းမြတ်ခြင်းကို အခြားသူများသိလာဖို့ ဦးဆောင်ပေးဖို့ဖြစ်ပါတယ်။

# မျိုးစေ့ကြဲသောလယ်သမား - ဆရာလမ်းညွှန် 3.03

## လုကာ ၈:၄-၁၅

### အဓိကအချက်များ

၁) ယေရှုဟာ သူ့ဩဝါဒကိုနားထောင်နေတဲ့လူအုပ်ကြီးကို ဥပမာစကားအားဖြင့်သွန်သင်တယ်။ အဲဒီအကြောင်းအရာကတော့ မျိုးစေ့ ကြဲတဲ့လယ်သမားတစ်ယောက်အကြောင်း ဖြစ်ပါတယ်။

၂) လမ်းနားမှာကျတဲ့မျိုးစေ့ဟာ လူနဲ့တိရစ္ဆာန်တွေကြောင့် ပျက်စီးသွားတယ်။ ငှက်တွေဟာ မျိုးစေ့တွေကိုတွေ့တဲ့အခါ စားလိုက် တယ်။

၃) ကျောက်ပေါ်တဲ့အရပ်မှာကျတဲ့မျိုးစေ့ဟာ ကောင်းစွာအမြစ်မစွဲနိုင်တဲ့အတွက် ကောင်းစွာမကြီးထွားနိုင်ခဲ့ဘူး။

၄) ဆူးပင်ကြားမှာကျတဲ့မျိုးစေ့ ပတ်ဝန်းကျင်ကဆူးပင်တွေရဲ့ ထိုးနှက်ခြင်းကြောင့် အပင်မကြီးထွားနိုင်ပြန်ဘူး။

၅) ကောင်းသောမြေမှာကျတဲ့မျိုးစေ့ဟာ ကျန်းမာပြီးသန်မာတယ်။ အဲဒီမျိုးစေ့အားဖြင့် သီးနှံကောင်းတွေကိုရရှိစေပါတယ်။

၆) ကျွန်ုပ်တို့ဟာလည်း ကောင်းသောသီးနှံဖြစ်စေဖို့ မျိုးစေ့ကျတဲ့မြေမျိုးဖြစ်လိုကြတယ်။ ဘုရားသခင်ရဲ့တရားစကားကို နားထောင်ပြီး လိုက်လျှောက်ဖို့လိုအပ်ပါတယ်။ ကျွန်ုပ်တို့ကိုယ်တိုင်က ဘုရားသခင်ရဲ့အကြောင်းကို အခြားသူတွေဆီပြန်လည်မျှဝေနိုင်မှာ ဖြစ်ပါ တယ်။

### မေးခွန်းများ

၁) ယေရှုက လူတွေကို ဘာအကြောင်းပြောပြသလဲ?

၂) လမ်းပေါ်မှာကျတဲ့မျိုးစေ့ဟာ ဘာဖြစ်သွားလဲ?

၃) ကျောက်ပေါ်တဲ့မြေမှာကျတဲ့မျိုးစေ့ဟာ ဘာဖြစ်သွားလဲ?

၄) ဆူးပင်ကြားမှာကျတဲ့မျိုးစေ့ဟာ ဘာဖြစ်သွားလဲ?

၅) ကောင်းသောမြေမှာကျတဲ့မျိုးစေ့ဟာ ဘာဖြစ်သွားလဲ?

၆) ဘုရားရဲ့တရားစကားကိုနားထောင်ပြီးလိုက်လျှောက်ရင် ကျွန်ုပ်တို့ဘာဖြစ်လာမလဲ?

### အဖြေများ

၁) ယေရှုက မျိုးစေ့ကြဲတဲ့လယ်သမားတစ်ယောက်အကြောင်းကို ပြောပြပါတယ်။

၂) လမ်းပေါ်ကျတဲ့မျိုးစေ့ဟာ နင်းခြေခြင်းခံရသလို ငှက်တွေရဲ့စားသောက်ခြင်းလည်းခံရပါတယ်။

၃) ကျောက်ပေါ်တဲ့မြေမှာကျတဲ့မျိုးစေ့ဟာ အမြစ်ကောင်းစွာမစွဲနိုင်တဲ့အတွက် ကောင်းစွာမကြီးထွားနိုင်ခဲ့ဘူး။

၄) ဆူးပင်ကြားမှာကျတဲ့မျိုးစေ့ဟာ ဆူးပင်ဝိုင်းရံနှောင့်ယှက်ခံရတဲ့အတွက် ကောင်းစွာမကြီးထွားနိုင်ခဲ့ဘူး။

၅) ကောင်းသောမြေမှာကျတဲ့မျိုးစေ့ဟာ ကျန်မာသန်စွမ်းပြီး၊ သီးနှံကောင်းတွေကို သီးစေပါတယ်။

၆) ဘုရားရဲ့တရားစကားကိုနားထောင်လိုက်လျှောက်တဲ့အခါ၊ ကျွန်ုပ်တို့ဟာ သီးနှံကောင်းသီးတဲ့မျိုးစေ့များဖြစ်လာမယ်။ အခြားသူ တွေကိုလည်း ဘုရားသခင်ရဲ့အကြောင်းပြောပြနိုင်ပါတယ်။


Kids of Destiny®
Reaching the Next Generation
www.kidsofdestiny.org